# ရှမ်းပြည်နယ်အတွင်း ပြောင်းနှင့်စပါးသီးနှံများတွင် ကျရောက်လျှက်ရှိသော ငမြှောင်တောင်ပိုးများအား ဓာတ်ခွဲခန်းအတွင်း အမျိုးအစားခွဲခြားခြင်းလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ

မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲ၊ သီပေါ၊ သိန်းနီ၊ လားရှိုးမြို့နယ် ရှမ်းပြည်နယ်(တောင်ပိုင်း)အင်တောမြို့နယ်နှင့် နမ့်စန်မြို့နယ်ရှိ ပြောင်းနှင့် စပါးသီးနှံတို့တွင် ဆိုးရွားစွာ ကျရောက်နေသော ငမြှောင်တောင်ပိုးများအား သီးနှံကာကွယ်ရေးဌာနခွဲ၊ အင်းဆက်ဖျက်ပိုး ပညာရှင်(Entomologist)များ၏ စစ်ဆေးတွေ့ရှိချက်များအရ ယခင်မြန်မာ နိုင်ငံအတွင်းရှိပြီးသော ငမြှောင်တောင် (Armyworm) မျိုးစိတ်များပင်ဖြစ်ကြောင်း နှင့် Fall Armyworm (FAW) မဟုတ်ကြောင်းတွေ့ရှိခဲ့ပါသည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ နိုင်ငံများရှိ စိုက်ပျိုးသီးနှံများတွင် ကျရောက်လျက်ရှိသော အဓိကဖျက်ပိုးတစ်မျိုးလည်း ဖြစ်ပါသည်။ သီးနှံအစုံစားဖျက်ပိုးအမျိုးအစားဖြစ်ပြီး အုပ်စုလိုက်ကျရောက်လေ့ရှိသော၊ အစားကြီးသည့် ဖျက်ပိုးအမျိုးအစား ဖြစ်ပါသည်။ ခြောက်သွေ့သောကာလပြီးနောက် မိုးသည်းထန်စွာရွာခြင်းနှင့် ငမြှောင်တောင်ပိုးကြိုက်နှစ်သက်သည့် ပြောင်းသီးနှံများ ပေါများစွာ ရှိနေခြင်းတို့သည် ဆိုးရွားသော ဖျက်ပိုးကျရောက်မှုအခြေအနေကို ဖြစ်ပေါ်စေခဲ့ပါသည်။ အမျိုးအစားခွဲခြားစစ်ဆေးတွေ့ရှိရသော ငမြှောင်တောင်မျိုးစိတ်များမှာ *Mythimna separata*, *Spodoptera litura* နှင့် *Spodoptera exempta* တို့ဖြစ်ပြီး အများစုမှာ Oriental armyworm: *Mythimna separata* များဖြစ်ပါသည်။

၁) အင်္ဂလိပ်အမည် :Northern Armyworm, Oriental Armyworm or Rice Ear-Cutting Caterpillar

မြန်မာအမည် :နှံဖြတ်ပိုး

သိပ္ပံအမည် :*Mythimna separata* (Lepidoptera: Noctuidae)

စားသောက်ပုံ :ကိုက်ဖြတ်ခြစ်စားသည်။




Photos: PPD, DOA, MOALI Myanmar (Identification Ref:CABI 2018, *Mythimna separata*)။

၂) အင်္ဂလိပ်အမည် :Armyworm

မြန်မာအမည် :ငမြှောင်တောင်

သိပ္ပံအမည် :*Spodoptera litura* (Lepidoptera:Noctuidae)

စားသောက်ပုံ :ကိုက်ဖြတ်ခြစ်စားသည်။





Photos: PPD, DOA, MOALI Myanmar
(Identification Ref: 1. Passoa,S.C. 2014, 2. OEPP/EPPO.Bulletin,2015)

၃) အင်္ဂလိပ်အမည် :Black Armyworm/African Armyworm
မြန်မာအမည် :ငမြှောင်တောင်
သိပ္ပံအမည် :*Spodoptera exempta*
စားသောက်ပုံ :ကိုက်ဖြတ်ခြစ်စားသည်။












Photos: PPD, DOA, MOALI Myanmar
(Identification Ref: 1. Passoa, S.C.2014, 2. www.daf.qld.gov.au)

# ရှမ်းပြည်နယ် တွင်ကျရောက်လျက်ရှိသော ပြောင်းသီးနှံဖျက်ပိုး လောက်ကောင်များအား ဓာတ်ခွဲခန်း အတွင်းဆက်လက် မွေးမြူအမျိုးအစားခွဲခြားခြင်း လုပ်ငန်းများဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ

(၁) ရှမ်းပြည်နယ်မှပေးပို့သည့် ပြောင်းသီးနှံဖျက်ပိုးလောက်ကောင်များအား အမျိုးအစားခွဲခြားခြင်းနှင့် Fall Armyworm လောက်ကောင်လက္ခဏာများနှင့် ကိုက်ညီမှုရှိ/မရှိစစ်ဆေးခြင်း





(၂) ရှမ်းပြည်နယ်သို့ သီးနှံကာကွယ်ရေးဌာနခွဲ ဝန်ထမ်းများ၏ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းမှ စုဆောင်းရရှိလာသည့် ပြောင်းသီးနှံဖျက်ပိုးလောက်ကောင်များအား အမျိုးအစား ခွဲခြားအတည်ပြုရန် အကောင်ကြီးဖြစ်သည်ထိ ဆက်လက်မွေးမြူခြင်း




(၃) ဓာတ်ခွဲခန်းအတွင်းမွေးမြူထားသည့် လောက်ကောင်များ၏ ပိုးရုပ်ဖုံးများမှ ထွက်ရှိလာသည့် အကောင်ကြီးများအား အမျိုးအစားခွဲခြား မှတ်တမ်းတင်ရန် ပြင်ဆင်ခြင်း





၄) ဓာတ်ခွဲခန်းအတွင်းမွေးမြူထားသည့် လောက်ကောင်များမှ ကြီးထွားလာသည့်အကောင်ကြီးများအား အမျိုးအစားခွဲခြားခြင်း(Oriential Armyworm, *Mythimna separata* ) (Adult)



